# ကေအဲန်ယူ ဝေါ်လေခီးစခန်း သိမ်းပိုက်ခံရ

**မေ ၂၈ရက်နေ့ ည(၇)နာရီ။ ကေအိုင်စီ**

ကေအဲန်ယူ တပ်မဟာ(၆)မှ တပ်ရင်း (၂၀၁) အခြေစိုက်ရာ ဝေါ်လေခီးတပ်စခန်းကို ဧပြီလ (၂၈)ရက်နေ့မနက်ပိုင်းတွင် ဒီကေဘီအေနှင့် နအဖတပ်များက သိမ်းပိုက်လိုက်သည်ဟု ၎င်းတပ်ရင်း၏ တပ်ခွဲမှူးတဦးက ပြောသည်။

(၂၀၁)တပ်ရင်း၊ တပ်ခွဲ(၁)မှူး ဗိုလ်နော့ကြီးက "ဒီနေ့မနက် ၈နာရီခွဲကျော်ကျော်လောက်မှာ စခန်းကို သူတို့သိမ်းလို့ရသွားတယ်။ မနေ့ကတည်းက အဆက်မပြတ် တိုက်ပွဲဖြစ်နေတာ။ ထိုင်းရွာသားတွေကို ထိမှာစိုးလို့ ကျနော်တို့လည်း ရှောင်ပေးလိုက်တယ်လေ"ဟု ကရင်သတင်းစဥ်ကို အတည်ပြုပြောဆိုသည်။

ယမန်နေ့က ဖြစ်ပွားခဲ့သည့်တိုက်ပွဲကြောင့် နအဖနှင့် ဒီကေဘီအေဘက်မှ (၁၀)ဦး ထိုင်းရွာသားတဦး လက်နက်ကြီးစ ထိမှန်ကာ ဒဏ်ရာအနည်းငယ် ရရှိသွားခဲ့ပြီး ရွာသူရွာသား ၄၀၀ခန့်ကို ၎င်းတို့ရပ်ရွာမှ ပြောင်းရွှေ့နေရာချထားပေးသည်ဟု သိရသည်။

ဝေါ်လေခီးစခန်းကို သိမ်းပိုက်လိုက်သည့် ဒီကေဘီအေ (၉၀၆)၊ (၉၀၇)၊ (၉၉၉)၊ (၃၃၃)၊ (၅၅၅)တပ်ဖွဲ့ဝင်များနှင့် နအဖတပ်မှ စစ်ကြောင်းနှစ်ကြောင်းသည် ယခုလ (၅)ရက်နေ့ကတည်းက ထိုးစစ်ဆင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ကေအဲန်ယူ တပ်ရင်း (၂၀၁)၏ တပ်ခွဲ(၄)လက်နက်ကြီးကုန်းတွင် စခန်းထိုင်လျှက်ရှိသည်ဟု သိရသည်။